ပုလုကုန်းကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပုလုကုန်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ပုလုကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၄
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၀
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၂
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၅၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပုလုကုန်းကျေးရွာ

ထားဝယ်မြို့နယ်

ထားဝယ်မြို့နယ်၊ ပုလုကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပုလုကုန်းကျေးရွာသည် ထားဝယ်-ရေး ကားလမ်းမပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည် သပြေချောင်းကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် ပါဝင်သော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အနေအထားမှာ မြေပြန့်အနေအထားဖြစ်ပါသည်။ ကျေးရွာ တည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပုလုကုန်းကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဘက်ဝင်အပင်များဖြစ်သည့် ဂျာမနီ၊ သက်ရင်းကြီးနှင့် ဆင်တုံးမန္တယ်စသည်တို့ ပေါက်ရောက်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားသော သတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ ထိုသို့ သယံဇာတတွင်းထွက်များ မရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှု အပိုင်းတွင် အစစအရာရာ နှောင့်နှေးနေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပုလုကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၇) အိမ်ရှိပြီး လူဦးရေပေါင်း (၃၄၆) ဦး ရှိပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ ၁၀အိမ်ခေါင်းအဖွဲ့၊ အမျိုးသားအဖွဲ့၊ ဂေါပကအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မီးကော်မတီတို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောထားတို့နှင့် ပက်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

ပုလုကုန်းကျေးရွာတွင် မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အခြားပြင်ပအဖွဲ့အစည်းများ မရှိပါ။ ကျေးရွာတွင် ကျန်ရှိသော ကဏ္ဍများပါ တိုးတက်လာစေရန် အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပုလုကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၀) ဧက၊ တောင်ယာမြေ (၁) ဧက၊ ဥယျာဉ်ခြံမြေ (၁၀) ဧက၊ အိမ်ခြံဝင်းအတွင်းစိုက်ခင်း (၁၅) ဧကနှင့် နှစ်ရှည်သီးနှံစိုက်ခင်း (၁) ဧက၊ စုစုပေါင်း (၃၇) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၂၃) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂) အိမ်ထောင်စု၊ တို့ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၆၃%) ခန့်ရှိပြီး အများစုသည် နေ့စားလုပ်သားများအဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စပါးကို နွေစပါးနှင့် မိုးစပါးဟူ၍ (၂)မျိုး စိုက်ပျိုးကြပါသည်။ နွေစပါးအတွက် ရေကို မြစ်ချောင်းမှ ရရှိပြီး နွေစပါးကို လယ်စိုက်ဧကတစ်ချို့သာ စိုက်ပျိုးကြပါသည်။ မိုးစပါးအတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁) စီးရှိပြီး၊ အစေ့ချကိရိယာ (၂)စီး၊ ရေစုပ်စက် (၁၀)လုံးနှင့် မြက်ရိတ်စက် (၅၇) လုံး ရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာများပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည် အသွေးမကောင်းခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင်နိုင်မှု အားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိခြင်း၊ စိုက်ပျိုးရေးချေးငွေများ အလွယ်တကူမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပုလုကုန်းကျေးရွာတွင် ခိုင်းနွားမွေးမြူထားသည့် အိမ်ထောင်စု (၇) အိမ်ရှိပြီး နွားကောင်ရေ (၁၃) ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ်ရှိပြီး နွားကောင်ရေ (၁) ကောင်၊ အိမ်ထောင်စု (၁) စုမှ ဝက်ကောင်ရေ (၃) ကောင်၊ အိမ်ထောင်စု (၂၄) အိမ်မှ ကြက် (၄၅၇၉) ကောင်စသည်ဖြင့် ရှိကြပြီး စီးပွားဖြစ်ကြက်မွေးမြူသည့် အိမ်ထောင်စု (၄)စု ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသည့် အိမ်ထောင်စု မရှိပါ။

ကျေးရွာတွင် စီးပွားဖြစ် ကြက်မွေးမြူရေးခြံများလုပ်ကိုင်သော အိမ်ထောင်စုများ လည်းရှိပါသည်။ မွေးမြူရေးဆိုင်ရာ နည်းပညာများကို မြို့နယ်မွေး/ကုဋီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ သို့သော် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန်အတွက် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပုလုကုန်းကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ နေ့စားအလုပ်များနှင့် အစိုးရဝန်ထမ်းတို့ကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့ သွားရောက်လုပ်ကိုင်လေ့ ရှိပါသည်။ လုပ်အားခများကို အိမ်တွင် ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှ ချေးယူ၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပုလုကုန်းကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေများလည်း ရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%)ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပုလုကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်လိုခြင်းများပြုလုပ်ပေးစေလိုပါသည်။ ကျေးရွာတွင် ၂၀၀၇ခုနှစ်က ရေပြွန်တစ်ခု တည်ဆောက်ခဲ့ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ပုလုကုန်းကျေးရွာတွင် လျှပ်စစ်ဓာတ်အားလိုင်းမှ ၂၀၁၄ခုနှစ်တွင် ချိတ်ဆက်ရယူခဲ့ပြီး လက်ရှိကာလတွင် ကျေးရွာအိမ်ထောင်စု၏ (၈၅)ရာခိုင်နှုန်း ရယူသုံးစွဲနေကြပါသည်။ ကျန်ရှိသော အိမ်ထောင်စု (၁၅)ရာခိုင်နှုန်းမှာ မီးကြိုးဖိုးနှင့် မီတာဖိုး ကုန်ကျစရိတ်များအတွက် ငွေကြေးအခက်အခဲရှိသောကြောင့် ချိတ်ဆက်အသုံးပြုနိုင်ခြင်းမရှိသေးဘဲ ဖယောင်းတိုင်၊ ဒီဇယ်ဆီ စသည်တို့ကို အသုံးပြုနေဆဲပင် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပုလုကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၈၉) လုံး၊ ရေဒီယို (၃၄) လုံး၊ တီဗွီ (၅၂) လုံး၊ ဂြိုလ်တုစလောင်း (၃၇) လုံး စသည်တို့မှ ရရှိပြီး ဖုန်းဖြင့် သတင်းနှင့်အချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက် လိုင်းမှာလည်း အသုံးပြုရ လျင်မြန်ပါသည်။

၆။ ပညာရေး

ပုလုကုန်းကျေးရွာပိုင် မူလတန်းကျောင်းကို ၂၀၀၁ခုနှစ်က ဆောက်လုပ်ခဲ့ပါသည်။ ကျောင်းသူ/သားများအတွက် သောက်သုံးရေကို ကျောင်းဝင်းအတွင်း ရေတွင်းမှ ရရှိပါသည်။ ကျေးရွာတွင် မူလတန်းပညာကို သင်ကြားနိုင်ပြီး နီးစပ်ရာ သပြေချောင်းကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရှာခိုင်နှုန်း အနည်းငယ်ရှိပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်း လူဦးရေ၏ (၅၄.၆၄%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၁၈.၅၆%) ရှိပြီး၊ အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ ကျောင်းတွင် ကျောင်းအုပ်ကြီးရုံးခန်းနှင့် ဆရာ/မများ နားနေရန် ကျောင်းဆောင်လိုအပ်နေပါသည်။

ပုလုကုန်းကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော ကျောင်းသားဦးရေနှင့် ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့် အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်း ဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပုလုကုန်းကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ သပြေချောင်းကျေးရွာ ကျန်းမာရေးဆေးပေးခန်းမှ သားဖွားဆရာမမှ တစ်လတစ်ကြိမ် လာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းများနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးလေ့ရှိပါသည်။ ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက သပြေချောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ထားဝယ်မြို့ဆေးရုံတို့တွင် အဓိကထား သွားရောက်ပြသကြရပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမသည် တစ်လတစ်ကြိမ် လာရောက်၍ ကွင်းဆင်းပြီး လိုအပ်သည်များ လုပ်ဆောင်ပေးလေ့ ရှိပါသည်။

ပုလုကုန်းကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၆၃)တွင်း ရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ ရှိသဖြင့် သောက်သုံးရေနှင့် သုံးရေများအတွက် အခက်အခဲများ ရှိပါသည်။ထို့ကြောင့် ရာသီတိုင်းအတွက် သောက်သုံးရေနှင့် သုံးရေများ အလုံအလောက်ရရှိအောင် ဖန်တီးပေးခြင်းများ ပြုလုပ်ပေးစေလိုပါသည်။

ပုလုကုန်းကျေးရွာတွင် ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပုလုကုန်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ အမှိုက်များကို မီးရှို့ခြင်းနှင့် ကျင်းတူးမြေမြှုပ်စွန့်ပစ်ခြင်းများ ပြုလုပ်လေ့ ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပုလုကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၃၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၄၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ပုလုကုန်း			ကျေးရွာအမည် - သပြေချောင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့် သင်ထောက်ကူ	ကျောင်းဆရာ/မ များ နားနေဆောင် ဆောက်လုပ်ပေးခြင်း။	
၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့် သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ၊ ကျောင်းအားကစားပစ္စည်းများ ဖြည့်ဆည်းပေးခြင်း။	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊တံတား	ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ်သို့ တစ်ဆင့်မြှင့်တင်ခြင်း။	
၄	လူငယ်နှင့် အားကစား	လူငယ့်အခွင့်အလမ်း	စာကြည့်တိုက် ဆောက်လုပ်ပေးခြင်း။	
၅	လူငယ်နှင့် အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါးနှင့် ပက်သက်သော ပညာပေးသင်တန်းများပေးခြင်း။	

ပုလုကုန်းကျေးရွာ၊ သပြေချောင်း ကျေးရွာအုပ်စု၊ ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမျိုးဇော်စိုး	ဦးစံသိန်း	ဖ/ထဝန(နိုင်)၁၂၆၅၁၃	၃၀	ဥက္ကဋ္ဌ	၀၉-၇၈၁၇၅၉၆၈
၂	ဦးသန်းဌေး	ဦးစံဖြိုး	၁၀/ဘလန(နိုင်)၀၆၁၃၄၅	၃၈	အတွင်းရေးမှူး	၀၉-၂၅၈၂၇၂၇၄
၃	ဦးလှဆန်းအောင်	ဦးကြည်ဝင်း	ဖ/ထဝန(နိုင်)၁၂၁၁၉၄	၂၉	ဘဏ္ဍာရေးမှူး	၀၉-၂၅၃၇၂၀၀၄၈
၄	ဦးကျော်သူစိုး	ဦးစိုးတင့်	၁၀/သတန(နိုင်)၁၁၈၇၂၈	၃၈	စာရင်းကိုင်	၀၉-၄၂၂၂၁၄၆၉၈
၅	ဒေါ်ဆွေဆွေလှိုင်	ဦးလှရှိန်	ဖ/ထဝန (နိုင်)၀၇၀၄၉၈	၃၉	စာရင်းစစ်	၀၉-၇၈၁၈၆၈၄၈၆
၆	ဦးအောင်လွင်	ဦးသန်းမောင်	၅/ကနန(နိုင်)၀၀၈၁၇၀	၄၀	အဖွဲ့ဝင်	၀၉-၄၉၈၅၂၂၈၇
၇	ဒေါ်ဆွေဇင်အေး	ဦးထွန်းထွန်းဝင်း	ဖ/ထဝန(နိုင်)၁၁၀၇၉၅၄	၂၉	အဖွဲ့ဝင်	၀၉-၄၂၂၂၂၅၄၆၄
၈	ဦးမျိုးမျိုးအေး	ဦးတင်လွယ်	ဖ/ထဝန(နိုင်)၁၀၅၈၅၂	၂၉	အဖွဲ့ဝင်	၀၉-၂၅၄၂၄၃၇၀၅
၉	ဒေါ်ကြူကြူဝင်း	ဦးဘသန်းရွှေ	ဖ/ထဝန(နိုင်)၁၀၇၈၈၆	၃၀	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၂	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၁	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၁၄	၂၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၈	၁၈	၃၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၉	၁၀၁	၂၃၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၃	၂၅
စုစုပေါင်း		**၁၇၇**	**၁၆၉**	**၃၄၆**
စုစုပေါင်း အိမ်ထောင်စု		၆၇		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် အိမ်ထောင်စု (၆၇) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၄၆) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၁၆) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၆.၄၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၃.၅၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၁၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်း ရှိနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ်ကောင်း များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၉	၃၀		မြင့် □ လတ်✔ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့် □ လတ်□ နိမ့် ✔

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၆	၁၇	၁	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ✔

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၂	၁၂	၂၉	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	**၆၅**	**၆၈**	၃၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း (လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း) လုပ်ငန်းတွင်လုပ်ကိုင်ကြသူ (၂၉)အိမ်ထောင်စု၊ ပန်းရံ/လယ်သမား လုပ်ငန်းကို အဓိကလုပ်ကိုင်နေသော အိမ်ထောင်စု (၂)စု၊ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ကိုင်နေသော အိမ်ထောင်စု (၁၆)စု၊ အခြားကျပန်းလုပ်ကိုင်ဖြင့် အဓိကထား အသက်မွေးနေကြသော အိမ်ထောင်စု (၁၂)စုရှိသည်ကို တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်းများတွင် အလုပ်ဆင်းသူများဖြစ်ကြပြီး ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခကအနည်းငယ်ပိုများသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀	ကောင်း ☐	သင့် ✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း ☐	သင့် ✔	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၀	ကောင်း ☐	သင့် ✔	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၂၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာ၌ စပါးကို မိုးစပါးနှင့် နွေစပါးဟူ၍ နှစ်မျိုး စိုက်ပျိုးကြ ပါသည်။ နွေစပါးအတွက် ရေကို မြစ်ချောင်းမှ ရရှိနိုင်ပြီး နွေစပါးကို လယ်စိုက်ဧကတချို့ စိုက်ပျိုး ကြပါသည်။ လယ်ယာမြေများမှ အသင့်အတင့်ကောင်းမွန်ပြီး စပါးထွက်ရှိမှုအပိုင်းတွင် ကျေးရွာ၏ ဝမ်းစာ ဖူလုံမှုအတွက်သာ ရရှိသည်ကို တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သဘာဝတိရစ္ဆာန်များ နည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်းကြောင့် ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ အသင့်အတင့် ရှိနေပါသေးသည်။ သို့သော်လည်း လက်လှမ်းမီမှု အားနည်းပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာ၏ အခြေအနေထားကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရသိရှိခဲ့ရသည်။ များသောအားဖြင့် ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပြီး ကျေးရွာရှိ အိမ်ထောင်စု၏ ၆၀ ရာခိုင်နှုန်းကျော်မှာ လယ်ယာ ပိုင်ဆိုင်မှုများ မရှိကြဘဲ ဝင်ငွေနည်းပါးကြသည်ကို တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၃	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၃_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာရှိ ဥစ္စာဓနအဆင့် "၃"နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ ၁၀၀ ရာခိုင်နှုန်းမှာ (၃) လအောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်၊ နပ်မှန်အောင် စားသောက်နိုင်ကြသည်။ ဆန်ရှားပါးမှုနှင့် ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာ များကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတနပ်လျော့စားခြင်းနှင့် တစ်ရက်လုံးလျော့စားခြင်းများ တစ်ခါမှ မဖြစ်ဖူးကြောင်း တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပုလုကုန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများမရှိပေ။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ပိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် လယ်သမားများနှင့် လယ်များတွင် အဌားလိုက်သူများသာ ပို၍ထိခိုက်မှုများပါသည်။ ထို့အပြင် ၄က်ဖျားရောဂါဖြစ်ပွားမှုများလည်းရှိပြီး ရောဂါဖြစ်ပွားလျှင် ဆေးဝါးအကူအညီအထောက်အပံ့များရရှိသည်ကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာသည် မိသားစုဆွေမျိုးများဖြင့်သာ ရွာတည်ထားသောကြောင့် စုစည်းညီညွတ်မှုများရှိပါသည်။ ဘေးအန္တရာယ်တစ်ခုခုကြုံလာပါက စုပေါင်းဖြေရှင်းသည့် အလေ့အထ ရှိသောကြောင့် ဆိုးဆိုးရွားရွားထိခိုက်မှု မရှိခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ငွေကြေးအရင်း အနှီးမဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်သည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂✔ ၃☐	၂		၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၂	၁၀အိမ်ခေါင်းအဖွဲ့	၁☐ ၂✔ ၃☐	၈		၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ☐ သင့် ✔ ညံ့ ☐
၃	အမျိုးသားအဖွဲ့	၁☐ ၂✔ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✔	၉		၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂☐ ၃✔	၅		၅	ပညာရေး ✔ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၆	မီးကော်မတီ	၁☐ ၂☐ ၃✔	၃		၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ ၁၀အိမ်ခေါင်းအဖွဲ့၊ အမျိုးသားအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ မီးကော်မတီမှာလည်း ကျေးရွာမီးကောင်းမွန်စွာရရှိရေးအတွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများမရှိသည်ကို တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၆၇**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စု စုစုပေါင်း၏ ၇၄.၆၂ ရာခိုင်နှုန်းခန့်ရှိ၍ ကျေးရွာဦး၏ ဝမ်းစာဖူလုံမှုအတွက် အသင့်အတင့် ရှိပါသည်။ ဆင်းရဲသားကျပန်းအလုပ်သမားများသည် နေ့စားလုပ်သားများဖြင့် စိုက်ပျိုးရေး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✔ မဖြေဆိုပါ☐	ရှိ☐ မရှိ✔ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေကိုသာ အသုံးပြုနေကြရသော်လည်း စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ မိုးတွင်းကာလတွင် မိုးရေကို အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ကွက် အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀	တင်း	၃၀	၅၀	၄၀	ဇွန်	ဒီ	မြင့်☐ လတ်✔ နိမ့်☐	မြင့်☐ လတ်✔ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။ သို့သော် သွင်းအားစုလိုအပ်ချက်မှာ အလယ်အလတ်ဖြစ်ပြီး အမြတ်ရရှိနိုင်မှုမှာ နည်းပါးသည်။ ထို့ကြောင့် သီးနှံထွက်နှုန်းတိုးစေမည့် နည်းလမ်းများ ပို့ချပေးရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁			
အစေ့ချ ကိရိယာ	၂			၄
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၀			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၅			

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများမှာ အဖွဲ့ပိုင်၊ ရွာပိုင်ဟူ၍ မရှိပါ။ တောင်သူလယ်သမားများ အားလုံးနီးပါး လယ်ယာလုပ်ငန်းသုံးအတွက် လက်တွန်းထွန်စက်များကို ငှားရမ်းသုံးစွဲကြသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ✔
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ✔
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✔ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✔ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေနေရာများ မရှိပါ။ သဘာဝ မြေဆွေး၊ ဓာတ်မြေဩဇာများအား လက်လှမ်းမီမှုရှိသော်လည်း အော်ဂဲနစ်ဓာတုပိုးသတ်ဆေး များကိုမူ တောင်သူများမည်သို့အသုံးပြုရမည်ကို သိရှိရန်လိုအပ်နေဆဲပင်ဖြစ်သည်။ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ဝန်ဆောင်မှုများလည်း မရရှိသည်ကို တွေ့ရှိရသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ✔
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ✔
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ✔

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာရှိ တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူကြရပါသည်။ ချေးငွေကာလ တိုတောင်းခြင်း၊ တစ်ဧကတစ်သိန်းခွဲနှုန်း သတ်မှတ်ထားခြင်း၊ အများဆုံး(၁၀)ဧကကို (၁၅)သိန်းသာ ထုတ်ချေးပေးနိုင်သောကြောင့် စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်းနိမ့်ကျသော်လည်း တောင်သူလယ်သမားများမှာ မိမိတို့ စပါးကို ထုတ်ရောင်းချရသဖြင့် ရရှိမည့် အကျိုးအမြတ်များစွာ ဆုံးရှုံးရသည်ကို တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇	၁၃
နို့စားနွား	၁	၁
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁	၃
ကြက်	၂၄	၄၅၇၉
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုလုကုန်းကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နေသော အိမ်ထောင်စု (၄)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် ငါးလုပ်ငန်း လုပ်ကိုင်သူမရှိသည်ကို တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ✔
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်✔ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐ မဖြေဆိုပါ✔

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✔
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ✔ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ✔
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

